## ဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ဝင်ခွင့် လျှောက်ထားလိုသူများ

(၂၀၂၃)ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့် လျှောက်ထားလိုသူ များအနေဖြင့် တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာများကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်မှ စက်တင်ဘာလ (၁၀) ရက်နေ့အထိ နံနက်(၁၀)နာရီမှစ၍ ညနေ(၄:၃၀)နာရီအတွင်း ပိတ်ရက်မရှိ ဆေးတက္ကသိုလ်-မန္တလေးသို့ လာရောက်လျှောက်ထားနိုင်ပါသည်။ ဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်ထားသူများအနေဖြင့် (၂၀၂၃) တက္ကသိုလ် ဝင်ခွင့် လျှောက်လွှာ စာအိတ်ပါ စာရွက်စာတမ်းများအပြင်-

၁။ အမှတ်စာရင်း(မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသော အမှတ်စာရင်းမူရင်းသာ ဖြစ်ရမည်။)

၂။ ကျောင်းသား၊ ကျောင်းသူနှင့် မိဘနှစ်ပါးကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ် (နိုင်/ ပြု/ ဧည့်) မိတ္တူများ ယူဆောင်ခဲ့ရပါမည်။

## ၂၀၂၃-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ ၂၀၂၃-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်တစ်ခုခုသို့ ပထမဦးစားပေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့(အဆင့်မြင့်ပညာဦးစီးဌာန)မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်**သို့ ပထမဦးစားပေးလျှောက်ထားသူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသောတက္ကသိုလ်(၂၆)ခုသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ**သို့ ပထမဦးစားပေးလျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါ လျှောက်လွှာလက်ခံမည့်နေရာ(၈)ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန(နေပြည်တော်)

(ခ) ဆေးတက္ကသိုလ်(၁)ရန်ကုန်

(ဂ) ဆေးတက္ကသိုလ်(၂)ရန်ကုန်

(ဃ) ဆေးတက္ကသိုလ်၊မန္တလေး

(င) ဆေးတက္ကသိုလ်၊မကွေး

(စ) ဆေးတက္ကသိုလ်၊တောင်ကြီး

(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)

(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)